ငြိမ်ဝပ် က၊ <nyein wut> ①肃静，安定，平定，平静：တိုင်းပြည် ~ လာ၏။ 国家安定了。②正常，没有反常现象

ငြိမ်ဝပ်ပိပြားရေး နာ၊ <nyein wut pi' bya: yei:> 治安；平定：~ တပ် 公安部队 / ~ ဥပဒေ 治安法 / ရပ်ရွာ ~ 社会治安，地方治安

ငြိမ်သက် က၊ <nyein thet> 安定，安静，宁静，平静：တိုင်းပြည် ~ မှပြည်သူတို့ပျော်မွေ့နိုင်ကြမည်။ 国家安宁，百姓才能幸福。 / ~ ချမ်းမြေ့စွာလဲလျောင်းနေ၏။ 安静舒适地躺着。 / ငြိမ်ငြိမ်သက်သက်မောင်းနှင်သည့်ကား 开得平稳的车

ငြိမ်း က၊ <nyein:> ①(灯火)熄灭：မီး ~ သွားသည်။ 火灭了，灯熄了。 / နေ ~ သည်။ 阳光变弱。② (战事，动乱)平息，平静，太平，宁静；结束，了结；使安定：ဒီအရေးအခင်း ~ သွားပြီ။ 这场风波平息了。 / ဒီလိုစီစဉ်လိုက်တော့ခင်ဗျားကိစ္စ ~ တာပေါ့။ 这样安排，你的事就算了结了。③无需费事：ဆေးတမျိုးကိုတကြိမ်လျှင်ခြောက်ပုလင်းမှာလျှင် စရိတ် ~ ပို့ပေးသည်။ 一种药一次购买六瓶就免费寄送。

ငြိမ်းကြည် က၊ <nyein: kyi> 安宁，清静

ငြိမ်းချမ်း က၊ <nyein: gyan:> 和平，安宁，太平，安定：~ စွာအတူနေထိုင်ရေး 和平共处 / ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်စားသောက်ကြသည်။ 生活安定。

ငြိမ်းချမ်းရေး နာ၊ <nyein: gyan: yei:> 和平

ငြိမ်းစဲ က၊ <nyein: se:> 静止，平静，熄灭，平息：ဆင်းရဲမှု ~ သွားသည်။ 摆脱了困苦。 / မိုးသက်မုန်တိုင်း ~ သွား၏။ 暴风雨平静了下来。

ငြိမ်းမြေ့ က၊ <nyein: myei'> 恬静，安宁：ရပ်ရွာ ~ သည်။ 地方上很平静。

ငြိမ်းအေး က၊ <nyein: ei:> 安宁，平静，安定：မီး ~ သွားတော့သည်။ 火熄灭了。 / ~ သောလရောင် 恬静的月光 / ပူပင်သောက ~ သည်။ 摆脱了愁苦。

ငှားငှား က၀၊ <ngwa: ngwa:> 尖尖地；突出，高耸

ငှားငှားငင်ငင် က၀၊ <ngwa: ngwa: ngwin' ngwin'> = ငှားငှားစင်ငင်

ငှားငှားစင်ငင် က၀၊ <ngwa: ngwa: swin' zwin'> ①挺拔，高耸，屹立：အလံကို ~ လွှင့်ထူသည်။高举着旗帜。②(花儿)茂盛，烂漫：ပန်းတွေ ~ ဖူးပွင့်နေ၏။ 花儿烂漫。

ငှားမြင့် နဝ၊ <ngwa: myin'> 矗立，高耸

ငွေ I က၊ <ngwei'> ①慢慢地燃烧；微微冒热气 ②沾边儿：စည်းစိမ်ကို ~ ရုံမျှ ~ ဖူးသည်မရှိ။没过过一点儿舒服的日子。 II နာ၊ <ngwei'> (合) ①气，气味 ②(喻)味道，气息，影子：အရိပ်အ ~ 影子 / အမေ့ရင် ~ ဖြင့်ကြီးပြင်းလာသောကလေး 在母亲怀中成长起来的儿女 / မီး ~ 火焰的热气儿 / ကိုယ် ~ 身上的热气 / ရေနွေး ~ 水蒸汽 / ထီးနန်း ~ မကင်းသောမင်းမျိုးမင်းနွယ် 带着很浓贵族气味的皇裔 / သူ့မျက်နှာတွင်အပြုံး ~ ကိုလည်းတွေ့ရသည်၊ပင်ပန်းရိပ်ကိုလည်းမြင်ရသည်။ 看到他脸上略有笑容也稍带倦意。

ငွေငွေ့ က၀၊ <ngwei' ngwei'> 少许，一丝儿：အသက် ~ ဘဲ ရှိတော့သည်။ 气息奄奄 / ရေမွှေးအနံ့ ~ ကလေးရ၏။ 闻到一点淡淡的香水味儿。 / ထင်းရှူးနံ့မျှား ~ ကြိုင်နေ၏။ 散发着一阵阵松脂的清香。

ငွေပျံ့ က၊ <ngwei' pyan> 【物】汽化，蒸发

ငွေပျံ့ပူ နာ၊ <ngwei' byan bu> 【物】汽化热

ငွေရည် နာ၊ <ngwei' yi> 【物】流体(液体与气体的总称)

ငွေရည်ဖွဲ့ က၊ <ngwei' yi phwe'> 【物】凝结：~ ကိရိယာ 冷凝器

ငွေ နာ၊ <ngwei> ①银：~ ဖလား 银钵 ②钱，银元：~ ၁၀၀ တန်ကက်ဆက်တလုံး 一台价值一百元的收录两用机

ငွေကူ နာ၊ <ngwei ku/ ngwei gu> (办丧事，作布施等时亲友们的)礼金，份子：ဤအလှူမင်္ဂလာပွဲမှာ ~ မခံပါ။ 这个布施会不收份子钱。

ငွေကဲ နာ၊ <ngwei ke:> 银子的成色：~ တွက်သည်။ 检验银子的成色。

ငွေကိုင် နာ၊ <ngwei gain> (现金)出纳：~ စာရေးကြီး 出纳员

ငွေကုန်ကြေးကျ နာ၊ <ngwei gon kyei: gya'> 用费，花费：အစိုးရက ~ ခံ၍နိုင်ငံခြားသို့ပညာတော်သင်များစေလွှတ်၏။ 政府拨款派遣留学生。 / ~ များပါ၏လော။ 花费大吗？

ငွေကုန်လူပန်း နာ၊ <ngwei gon lu pan:> 劳民伤财

ငွေကုန်လက်ပန်း နာ၊ <ngwei gon let ban:> = ငွေကုန်လူပန်း

ငွေကုန်သံပြာ နာ၊ <ngwei gon than bya> 徒劳，白费气力：~ ပါပဲ။ 只是徒劳一场而已。

ငွေကပ် နာ၊ <ngwei kat> 古代一种武器

ငွေကျော် နာ၊ <ngwei kyaw> 纯银

ငွေကျော နာ၊ <ngwei kyaw:> = ငွေကျော်

ငွေကျောက် နာ၊ <ngwei kyaut> 银矿石

ငွေကျပ်စေ့ နာ၊ <ngwei kyat si'> 银元，银圆

ငွေကြေး နာ၊ <ngwei kyei:> 钱；金融；货币：~ ချေးငှားသည်။ 借款，贷款。 / ~ စနစ် 货币制度 / ~ ပေါ်လစီ 货币政策 / ~ ရေးရာကွန်ဖရင့် 金融会议 / ~ လဲလှယ်မှု 货币兑换 / ~ ဥစ္စာ 钱财

ငွေကြမ်း နာ၊ <ngwei gyan:> 次等银，成色不好的银子

ငွေခံလက်မှတ် နာ၊ <ngwei gan let hmat> 支票，汇单，汇票

ငွေခေါင်းကွဲ က၊ <ngwei gaun: kwe:> 钱财分散

ငွေခမ်း နာ၊ <ngwei khat> (古)检验银子成色的人

ငွေချေ က၊ <ngwei khyei> 付讫，付清(款项)：~ ခုံ 付款处，收款处

ငွေချေး က၊ <ngwei khyi: / ngwei khyei:> 贷款，借款：~ စာချုပ် 贷款协定 / ~ လက်မှတ် 借据，债券 / ~ သမဝါယမ 借贷合作社

ငွေချည် နာ၊ <ngwei khyi> 银丝，银线